သင်ခန်းစာ (၁၈)

# Women Rights
## အမျိုးသမီး အခွင့်အရေးများ

ရည်ရွယ်ချက်

- အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဖိနှိပ်ထားမှုများ အားလုံးဖျက်သိမ်းရေးသဘောတူစာချုပ် (CEDAW) တွင်ပါဝင်သည့် အမျိုးသမီး အခွင့်အရေးများအကြောင်းကို သိရှိစေရန်၊
- အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဖိနှိပ်ထားမှုများ အားလုံးဖျက်သိမ်းရေးသဘောတူစာချုပ် (CEDAW)တွင်ပါဝင်သည့် အခွင့်အရေးများနှင့် မိမိပတ်ဝန်းကျင်ရှိ အမျိုးသမီးများအခြေအနေကို နှိုင်းယှဉ်သုံးသပ် တတ်စေရန်၊

## Activity(လှုပ်ရှားမှု) – Video showing

## Caught in the Cross Fire by Images Asia

မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိနေသော ပြည်တွင်းစစ်ပွဲများအကြား ချောင်ပိတ်မိနေသော မိန်းကလေးများ အကြောင်းကို ၁၉၉၅–၉၆ အတွင်းက Images Asia မှနေ၍ ရိုက်ကူးထားသော ဗီဒီယို အခွေကိုပြသပါသည်။

## Discussion (အပြန်အလှန်ဆွေးနွေးခြင်း)

ဇာတ်ကားကြည့်ပြီး ဘယ်လိုခံစားရပါသလဲ။
မည်သည့်လူ့အခွင့်အရေးများ အဓိကချိုးဖောက်ခံရသလဲ။ သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါ။
ထိုချိုးဖောက်ခံရသော အချက်များအနက် မည်သည့်အချက်များသည် အမျိုးသမီးဖြစ်သောကြောင့် ပိုမိုခံစားရသည်ဟု ထင်ပါသလဲ။ သင်ပုန်းပေါ်တွင် ကော်လံခွဲ၍ မှတ်တမ်းတင်ပါ။
ဘာကြောင့်အခုလို အမျိုးသမီးများ ပိုအခက်အခဲကြုံရတယ်လို့ထင်ပါသလဲ။

## Input (အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း)

လူ့အခွင့်အရေးကြေညာစာတမ်းတွင် လူသားအချင်းချင်းခွဲခြားမှုမရှိဘဲ အခွင့်အရေးများကို တန်းတူခံစားနိုင်သည်ဟု ဆိုထားသည်။ သို့သော် လိင်ကွဲပြားမှုကိုအခြေခံ၍ အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်မှုများ၊ အကြမ်းဖက်မှုများ တည်ရှိနေသည့်အတွက် အမျိုးသမီးများအခွင့်အရေးကို သီးသန့်ဖော်ပြသည့် အမျိုးသမီးစာချုပ်တရပ်လိုအပ်ကြောင်း သဘောပေါက်လာကြသည်။ ထို့အတွက်ကြောင့် အမျိုးသမီး အခွင့်အရေးစာချုပ်တခုကို ရေးဆွဲရန်ကြိုးပမ်းလာသည်။

## အမျိုးသမီးအခွင့်အရေးဆိုင်ရာ စာချုပ်ပေါ်ပေါက်လာပုံ သမိုင်းကြောင်းအကျဉ်းချုပ်

– ၁၉၇၂ ခုနှစ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က အမျိုးသမီးများစာချုပ်တခုတွင် မည်သည့်အချက်များ ပါဝင် လိုကြောင်းလေ့လာရန် အမျိုးသမီးအဆင့်အတန်းဆိုင်ရာ ကော်မရှင်ကို တာဝန်ပေးခဲ့သည်။
– ၁၉၇၃ တွင်စာချုပ်သစ်ကို မူကြမ်းရေးဆွဲရန် အဖွဲ့ဝင်(၁၅)ဦးပါသည့် အလုပ်အဖွဲ့ကို တာဝန်ပေးခဲ့သည်။
– ၁၉၇၉ တွင် တင်ပြလာသည့် ထိုမူကြမ်းကို အထွေထွေညီလာခံတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

**အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဖိနှိပ်ထားမှုများ အားလုံးဖျက်သိမ်းရေးသဘောတူစာချုပ်**
Convention on the Elimination of all forms of Discrimination Against Women (CEDAW)

- ၁၉၇၉ ၊ ဒီဇင်ဘာ (၁၈) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။
- ၁၉၈၁၊ စက်တင်ဘာ (၃) ရက်နေ့တွင် အသက်ဝင်လာခဲ့သည်။
- ၁၉၉၇၊ ဇူလိုင်လ (၂၂) ရက်နေ့တွင် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးခဲ့သည်။
- အပိုဒ်ပေါင်း (၃၀) ပါဝင်ပါသည်။
- ၂၀၀၃ခု၊ စက်တင်ဘာလအထိ – နိုင်ငံပေါင်း (၁၇၄) နိုင်ငံအတည်ပြု လက်မှတ်ရေးထိုးထားပြီး ဖြစ်သည်။

**အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဖိနှိပ်ထားမှုများ အားလုံးဖျက်သိမ်းရေးသဘောတူစာချုပ် ကော်မတီ**
Committee on the Elimination of all forms of Discrimination Against Women (CEDAW)

- စာချုပ်နိုင်ငံများ၏ လုပ်ဆောင်မှုကို စောင့်ကြပ်ရန်။
- လွတ်လပ်ကျွမ်းကျင်သော အမျိုးသမီး(၂၃)ဦးပါဝင်ပါသည်။
- ကော်မတီမှာ သက်တမ်း(၄)နှစ်ရှိသည်။
- ကော်မတီအစည်းအဝေးကို အမေရိကန်၊ နယူးယောက်မြို့တွင် နှစ်စဉ်ဇန္နဝါရီလကုန်တွင် သုံးပတ်ကြာ ကျင်းပလေ့ရှိသည်။

| စာချုပ်နိုင်ငံများ | တာဝန်များ |
|---|---|
| – အစီရင်ခံစာတင် | – ကြိုတင်မေးခွန်းထုတ်ခြင်း |
| – ပထမ အစီရင်ခံစာကို ပထမနှစ်အတွင်း တင်သွင်းရ၊ | – အစီရင်ခံစာကို လေ့လာခြင်း |
| – ပုံမှန်အစီရင်ခံစာကို လေးနှစ်တကြိမ် တင်သွင်းရ၊ | – သိလိုသည်များကို မေးခွန်းထုတ်ခြင်း |
| – အစိုးရမဟုတ်သော အဖွဲ့များက (စင်ပြိုင် အစီရင်ခံစာတင်နိုင်) | – အကြံပေးချက်ထုတ်ပြန်ခြင်း |

**အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဖိနှိပ်ထားမှုများ အားလုံးဖျက်သိမ်းရေးသဘောတူစာချုပ် (CEDAW) ၏**

**အားကောင်းချက်**
- အစိုးရအပေါ် တာဝန်အပြည့်အဝပေးအပ်ထားသည်။
- အမျိုးသမီး စာချုပ်အဖြစ် လေးစားအသိမှတ်ပြုခံရသည်။

**အားနည်းချက်များ**
- ခြွင်းချက်ထား လက်မှတ်ထိုးသော နိုင်ငံများပြားခြင်း၊
- သတင်းပေးပို့ဖို့အားနည်းခြင်း၊
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှု စကားလုံးလုံးဝမပါခြင်း၊

**လက်ရှိတိုးတက်မှုများ**

–၁၉၉၉ခုနှစ်၊ မတ်လ (၁၆) ရက်နေ့တွင် တဦးချင်းတိုင်ကြားမှုကို လက်ခံသော နောက်ဆက်တွဲစာချုပ်ကို အတည်ပြုခဲ့သည်။
–၂၀၀၀ခု၊ မေလအထိ (၆၂) နိုင်ငံ အတည်ပြုလက်မှတ်ထိုးထားသည်။
–အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေး အရာရှိ၏အခန်းကဏ္ဍပိုမို အားကောင်းလာခဲ့သည်။

## **Deepening** ( သင်တန်းသားများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း)

သင်တန်းသားများအား အုပ်စုနှစ်စုခွဲ၍ အုပ်စုတိုင်းအား စာချုပ်တွင်ပါဝင်သော အခွင့်အရေးများထဲမှ မိမိပတ်ဝန်းကျင်တွင် အများဆုံးဖြစ်နေသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအကြောင်းအရာတစ်ခုကို ရွေးချယ်၍ ပြဇာတ်အဖြစ် တင်ပြစေသည်။

တဖွဲ့၏တင်ပြချက်များကို ကျန်အဖွဲ့ကကြည့်၍ ဘာအကြောင်းအရာ ဖြစ်ကြောင်းခန့်မှန်းခိုင်းပါ။ ထို့နောက် ထိုအကြောင်းအရာများဖြစ်ရသည့် အကြောင်းရင်းများကို ဆွေးနွေး၍ ပင့်ကူကွက်ဇယားဖြင့် ပြန်လည်တင်ပြခိုင်းပါ။

## **Synthesis** (မည်ကဲ့သို့လုပ်ဆောင် ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်ပေးခြင်း)

အမျိုးသမီးအခွင့်အရေးများကို အစိုးရမှလိုက်နာရန် အမျိုးသမီးစာချုပ်ကော်မတီက တာဝန်အပြည့်အဝ ပေးထားပါသည်။ သို့သော် ယခုတင်ပြချက်များအရ မိမိတို့ပတ်ဝန်းကျင်တွင် အမျိုးသမီးအခွင့်အရေး ချိုးဖောက်မှုများရှိနေဆဲဖြစ်သည်ကို တွေ့ရသည်။ ထိုသို့ဖြစ်နေရသည့်အပေါ် အစိုးရကဘယ်လို တာဝန်ပျက်ကွက်နေမှုများရှိကြောင်းကို ဆန်းစစ်ရန်လိုအပ်သည်။ လူ့အခွင့်အရေးများအား လေးစားလိုက်နာရန် အစိုးရတွင်တာဝန်ရှိမှုကို တိုင်းတာရာတွင် အစိုးရ၏ လေးစားမှု **(respect)** ၊ ကာကွယ်ပေးမှု **(protect)** ၊ တိုးတက်အောင် လုပ်ဆောင်ပေးမှု (**promote**) ၊ ဖြည့်ဆည်းပေးမှု**(fulfill)** စသည့် အပိုင်းလေးပိုင်းဖြင့် တိုင်းတာလေ့ရှိပါသည်။

လေးစားမှုဆိုသည်မှာ ထိုအခွင့်အရေးများကို အစိုးရကိုယ်တိုင်က ချိုးဖောက်ခြင်းရှိမရှိ အချက်ဖြစ်ပါသည်။ ကာကွယ်မှုဆိုသည်မှာ အခြားသူများက ထိုအခွင့်အရေးများ ချိုးဖောက်ခြင်းမပြုနိုင်အောင် လိုအပ်သလို ကာကွယ်စောင့်ရှောက်ပေးမှု ဖြစ်ပါသည်။ တိုးတက်အောင်လုပ်ဆောင်ပေးမှုဆိုသည်မှာ ထိုအခွင့်အရေးများကို ပြည်သူလူထုအနေဖြင့် အမှန်တကယ်ရရှိခံစားရရုံသာမက ထို့ထက်ပိုကောင်းလာအောင် ပညာပေးမှုအပါအဝင် အခြားသောနည်းများဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။ ဖြည့်ဆည်းပေးမှုဆိုသည်မှာ ပြည်သူတို့အနေဖြင့် ထိုအခွင့်အရေးများအတိုင်း ခံစားနိုင်ရန်အတွက် လိုအပ်သလို ထောက်ပံ့ဖြည့်ဆည်းပေးခြင်း ဖြစ်သည်။

အဖွဲ့လေးဖွဲ့ပြန်ခွဲပါ။ အထက်တွင်တင်ပြခဲ့သော အမျိုးသမီးအခွင့်အရေးများ ချိုးဖောက်မှုတင်ပြချက် နှစ်ခုအနက် တခုကိုရွေးချယ်၍ အဖွဲ့တခုစီအား ထိုချိုးဖောက်မှု၌ အစိုးရတာဝန်ရှိသည့် အပိုင်းတခုစီကို လေ့လာဆန်းစစ်ခိုင်းပါ။ တဖွဲ့ကို လေးစားမှု၊ ကျန်အဖွဲ့များကို ကာကွယ်ပေးမှု၊ တိုးတက်အောင် လုပ်ဆောင်ပေးမှု၊ ဖြည့်ဆည်းပေးမှု တပိုင်းစီ လေ့လာစေ၍ ပြန်လည်တင်ပြခိုင်းပါ။

နောက်ဆုံးတွင် တင်ပြမှုများအားလုံးကို အနှစ်ချုပ်ပြန်လည်တင်ပြ၍ နိဂုံးချုပ်ပါ။

မှတ်ချက်

သင်တန်းသားများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း အပိုင်းတွင် သရုပ်ဆောင် တင်ဆက်မှုအစား သင်တန်းသားများအကြားတွင် အပြန်အလှန်ပြောဆို ဆွေးနွေးမှု (Debate) လုပ်နိုင်ပါသည်။

ဥပမာအားဖြင့်–

– ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အမျိုးသမီးများအား လွှတ်တော်တွင် ၅၀% ပါဝင်ခွင့်ပြုရမည်။

– အမျိုးသမီးများကို အမျိုးသားစစ်သည်များနှင့်တန်းတူ ရှေ့တန်းစစ်မျက်နှာပြင်တွင် တာဝန်ထမ်း ဆောင်ခွင့်ပြုရမည်။

– အကယ်၍ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း အပိုင်းတွင် သရုပ်ဆောင်တင်ဆက်မှုကို သုံးမည်ဆိုပါက ထိုတင်ဆက်မှုများသည် သင်တန်း သားများ၏ လက်တွေ့ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် မည်သည့်အကြောင်းအရာများဖြစ်ကြောင်း သေသေ ချာချာမှတ်သားထားပါ။ ထိုအကြောင်းအရာများသည် နောက်ထပ်အသေးစိတ် ဆက်သွားရမည့် သင်ခန်းစာ ခေါင်းစဉ်များ ဖြစ်လာလိမ့်မည်။